## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားညီညွတ်ရေးအစိုးရ
## ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org


ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### သေ့ဘောဘိုးစခန်းအား သိမ်းယူနိုင်ခဲ့သည့် မဟာမိတ်ပူးပေါင်းအဖွဲ့ထံ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၂ခုနှစ်၊ မေလ(၂၈)ရက်နေ့

၁။ ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၆) တည်ရှိရာ ဒူးပလာယာခရိုင်၊ တောင်ပိုင်းစစ်ဒေသတွင် KNU/KNLA၊ KNDO၊ PDF နှင့် အခြားမဟာမိတ်အင်အားစုများပါဝင်သော တော်လှန်ရေးပူးပေါင်းအဖွဲ့သည် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့၊ လေးကေ့ကော်တိုက်ပွဲမှ စတင်၍ ခုခံတွန်းလှန်စစ်ကို ဆင်နွှဲလာရာ ယနေ့အထိ ရန်သူ့စခန်း(၃)ခုနှင့် ရန်သူ့လက်နက် အမြောက်အများကို လက်ရသိမ်းပိုက် နိုင်ခဲ့သည်။

၂။ ထိုတိုက်ပွဲများအတွင်း ၂၀၂၂ခုနှစ်၊ မေလ(၁၈)ရက်တွင် ရန်သူက အနှစ်(၃၀)ကျော် သိမ်းပိုက်ထားခဲ့သော သေ့ဘောဘိုးစခန်းကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်မက ရန်သူ့လက်နက်မျိုးစုံ(၁၅)လက်၊ ကျည်မျိုးစုံ (၇၀၀၀)ကျော်ကိုပါ လက်ရသိမ်းဆည်းနိုင်ခဲ့သည်။

၃။ စစ်အာဏာရှင် ဆန့်ကျင်တိုက်ဖျက်ရေး ပြည်သူ့ခုခံတွန်းလှန်စစ်ကို ရှံ့ရှံ့ချံချံ ဆင်နွှဲလျက်ရှိသော KNU/KNLA၊ KNDO၊ PDF နှင့် အခြားမဟာမိတ်အင်အားစုများ ပါဝင်သော ပူးပေါင်းအဖွဲ့၏ ထူးချွန်ပြောင်မြောက်သည့် စစ်ရေးစွမ်းဆောင်မှုကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် အထူးဂုဏ်ပြုအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ